ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၁၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၂-၁-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် တို့ပဲဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၄)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၇)ဦးရှိပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၁) ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဆီးလီဒုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဆီးလီဒုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံ ပညာမူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ

ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောစိန်ထွန်း ဖြစ်ပါတယ်။ ဒီကနေ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းသိရှိလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၊ ဆီးလီဒုန်းရွာ အခြေခံပညာမူလတန်းကျောင်းကို ဆီးလီဒုန်းရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

အကျိုးအကြောင်း ဖော်ပြချက်အနေနဲ့ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၊ ဆောင်ဒူ ရွာသစ်ကျေးရွာအုပ်စုရှိ ဆီးလီဒုန်းရွာသည် အိမ်ခြေပေါင်း (၁၃၃)အိမ်၊ လူဦးရေ(၁၆၈၃)ဦး ရှိပါတယ်။ ဆီးလီဒုန်းရွာ အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းဧရိယာ (၂.၉၇)ဧကရှိပြီး မြေဂရန်ရှိတဲ့ကျောင်း ဖြစ်ပါတယ်။ လက်ရှိကျောင်း၌ ကျောင်းဆောင်(၂)ဆောင်ရှိပါတယ်။ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး (၁)ဆောင်၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း၊ သွပ်မိုး(၁)ဆောင် ရှိပါတယ်။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဦးရေမှာ KG (၁၆)ဦး၊ ပထမတန်း(၁၈)ဦး၊ ဒုတိယတန်း(၂၇)ဦး၊ တတိယတန်း (၃၀)ဦး၊ စတုတ္ထတန်း(၂၂)ဦး စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား (၁၁၃)ဦးရှိပါတယ်။

ဆီးလီဒုန်းရွာ အခြေခံပညာမူလတန်းကျောင်းမှ အောင်မြင်လာတဲ့ ကျောင်းသူ၊ ကျောင်းသား အများစုဟာ အလယ်တန်းကျောင်းသို့ တက်ရောက်နိုင်ဖို့အတွက် (၁)မိုင်ခန့်ဝေးတဲ့ အ-ထ-က(ခွဲ) သေးဆူလဲသို့ တက်ရောက်ရပါတယ်။ မူလတန်းပြီးဆုံးသည့် ကျောင်းသူ၊ ကျောင်းသား အများစုဟာ အသက် နုနယ်သေးတဲ့အရွယ်ဖြစ်တဲ့အတွက် သွားလာရေးမှာ အခက်အခဲအမျိုးမျိုး၊ အန္တရာယ် အမျိုးမျိုး တွေ့ရပါတယ်။ မိဘလူထုများအနေနဲ့လည်း ကျောင်းသူ၊ ကျောင်းသား သားသမီးအတွက် အများကြီး စိုးရိမ်လျက်ရှိကြောင်း တွေ့ရပါတယ်။ ဆီးလီဒုန်းရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်)ကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ရင် ပတ်ဝန်းကျင်မှာ ဆီးလီဒုန်းမူလတန်း ကျောင်း(၄)ကျောင်း ရှိခဲ့ပါတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများလည်း တက်ရောက် သင်ကြားနိုင်မှာ ဖြစ်တယ်။ ဆီးလီဒုန်းကျေးရွာရဲ့ပတ်ဝန်းကျင်မှာ ရပ်ကွက်ကျေးရွာ အိမ်ခြေ (၅၇၃)အိမ်၊ လူဦးရေ(၃၀၆၈)ဦး ရှိပါတယ်။

ဆီးလီဒုန်းရွာနှင့် အနီးအနားမှာရှိတဲ့ ကျေးရွာများမှ ပြည်သူလူထုများဟာလည်း မိမိရဲ့ သားသမီးပညာရေးအတွက် ရှေးရှုပြီးမှ ဆီးလီဒုန်းရွာကို အခြေခံပညာမူလတန်းကျောင်းကနေ အခြေခံ ပညာမူလတန်း(လွန်)ကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးရန်အတွက် မကြာခဏ လိုလားတောင့်တလျက်ရှိပါ တယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များထံလည်း ခဏခဏ စာတင်ပြလာခဲ့ပါတယ်။ ကျေးရွာလူထုများ မိမိသားသမီးများ၊ ကျောင်းသူ၊ ကျောင်းသား အသက်အန္တရာယ်၊ အခက်အခဲအန္တရာယ်များကို မကြာခဏလည်း တင်ပြလာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းသိရှိလို သည်မှာ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်မှာရှိတဲ့ ဆီးလီဒုန်းရွာ၊ အခြေခံ ပညာမူလတန်းကျောင်းကို ဆီးလီဒုန်းရွာ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ တကယ်လို့များ အစီအစဉ်ရှိခဲ့ရင် မည်သည့်ပညာသင်နှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မည်ကို အများ ပြည်သူလူထုကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာအုပ်စု၊ ဖိုးခေါင်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် က ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာအုပ်စု၊ ဖိုးခေါင်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁၀)၊ လက်ပံတန်းမြို့နယ်နဲ့ သာယာဝတီမြို့နယ်များကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကြိုင် ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မှော်အင်း ကျေးရွာအုပ်စု၊ ဖိုးခေါင်စု အ-ထ-က(ခွဲ)ဟာ ၁၉၅၁ ခုနှစ်၊ ကရင်ရေးရာ မူလတန်းကျောင်းအဆင့်မှ ၁၉၇၃ ခုနှစ်မှာ ကိုယ်ထူကိုယ်ထ တွဲဖက်အလယ်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ပြီးတဲ့နောက် အထက်တန်းကျောင်း(ခွဲ)အဖြစ် ၁၉၉၅-၁၉၉၆ ပညာသင်နှစ်မှာ တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ဖိုးခေါင်စု အထက်တန်းကျောင်း(ခွဲ)အဖြစ် (၂၂)နှစ်တိုင် ဖွင့်လှစ်သင်ကြားခဲ့၍ ပတ်ဝန်းကျင်မှာရှိတဲ့ မှော်အင်းကျေးရွာအုပ်စု၊ ပုတိမ်စုကျေးရွာအုပ်စု၊ မြေစီးကျေးရွာအုပ်စု၊ ဝါးရုံပင်ဇင်ကျေးရွာအုပ်စုနှင့် ကြို့ပင်စခန်းကျေးရွာအုပ်စု ကျေးရွာပေါင်း(၃၉)ရွာ၊ အိမ်ထောင်စု (၃၅၄၅)စုအပြင် ကျောင်းနှင့် (၅)မိုင်ခန့်ကွာဝေးတဲ့ သဲကောရေလှောင်တမံထဲမှာရှိတဲ့ ဆည်ထဲနှင့် ဆည်တစ်ဖက်ကမ်းမှာရှိတဲ့ ညောင်ပင်ဇင်းရွာမှ ကျောင်းသူ၊ ကျောင်းသားများကိုယ်တိုင် အားကိုးအားထားပြုနေရတဲ့ အထက်တန်း ကျောင်း(ခွဲ) ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ဖိုးခေါင်စု အ-ထ-က(ခွဲ)မှာ အထက်တန်းပညာသင်ယူနေတဲ့ နဝမတန်းနဲ့ ဒသမတန်း ကျောင်းသား၊ ကျောင်းသူဦးရေဟာ (၂၀၀)ဦး ရှိပါတယ်။ အထက်တန်းကျောင်းဖွဲ့စည်းပုံ မရရှိသေးတဲ့အတွက် အထက်တန်းပညာကို အင်အား ပြည့်မီစွာ သင်ကြားနိုင်ခွင့်မရသေးတဲ့အတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဒသမတန်း အောင်ချက် ဟာ (၂၇.၃၈)ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အ-ထ-က(ခွဲ)တည်ရှိတဲ့ ဖိုးခေါင်စုရွာမှ လက်ပံတန်း မြို့ပေါ်မှာရှိတဲ့ အ-ထ-က(၁)၊(၂)၊(၃) ကျောင်းများကို (၇)မိုင်ခန့် ကွာဝေးပါတယ်။ သဲကောရေလှောင် တမံ၊ ဆည်ထဲတစ်ဖက်ကမ်းရှိ ညောင်ပင်ဇင်းကျေးရွာမှ မြို့ပေါ် အ-ထ-က(၁)၊(၂)၊(၃) ကျောင်းများသို့ (၁၂)မိုင်ခန့် ကွာဝေးတဲ့အပြင် မှော်အင်း- လက်ပံတန်းကားလမ်း၊ ရန်ကုန်-ပြည် အဝေးပြေးလမ်းမကြီး

များကို ဖြတ်သန်းအသုံးပြုသွားလာရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ ယာဉ်အန္တရာယ်လွန်စွာစိုးရိမ်ရပါတယ်။ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုနိုင်ရန် ကျောင်းမြေ (၄.၅)ဧကနဲ့ ကျောင်းအဆောက်အအုံများ ပြည့်စုံလုံလောက်မှုရှိပါတယ်။ ကျောင်းသုံးပရိဘောဂနှင့် စာရေးခုံ၊ ထိုင်ခုံ ပြည့်စုံပါတယ်။ ကျောင်းသား၊ ကျောင်းသူ ဦးရေတိုးတက်များပြားလာခြင်းကြောင့် သတ်မှတ်ချက်အချို့ကို ဖြေလျှော့၍ ဖိုးခေါင်စု အ-ထ-က(ခွဲ)အား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားနေသော အခြေခံပညာမူလတန်းအဆင့် ကျောင်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားနေသော အခြေခံပညာမူလတန်းအဆင့်ကျောင်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ အဆင့်မီ ပညာသင်ကြားနိုင်ရေးအတွက် ဤမေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်အတွင်းရှိ လုံခွကျေးရွာ၊ ကလုံပါကျေးရွာ၊ လုံထန်ကျေးရွာ၊ ယောင်ဝါးကျေးရွာ၊ ကုန်းလိန်းကျေးရွာတို့တွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး မိုင်းမောမြို့နှင့် အနီးဆုံး(၂၅)မိုင်၊ အဝေးဆုံးမိုင်(၁၀၀)ကျော်ဝန်းကျင်တွင် တည်ရှိပါတယ်။ ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ ပညာသင်ကြားခွင့်ရရှိရေးအတွက် အချို့ရွာများတွင် ၁၉၉၂ ခုနှစ်ကတည်းကစတင်၍ ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်း ဆောက်လုပ်သင်ကြားခဲ့ရကြောင်း လွှတ်တော်ရပ်နားစဉ်ကာလ ပြည်သူလူထုတွေ့ဆုံပွဲခရီးစဉ်တွင် လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒေသခံပြည်သူများအနေဖြင့် ပညာရေးကို စိတ်ပါဝင်စားအားပေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရွာအလိုက် ကျောင်းသားဦးရေများပြားခြင်း၊ ဒေသခံဆရာ၊ ဆရာမများဖြင့် ငှားရမ်းသင်ကြားနေရခြင်း၊ စာသင်ကျောင်းအဆောက်အအုံနှင့် ပရိဘောဂများ ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်နေရခြင်းတို့ကြောင့် နိုင်ငံတော်မှ

တာဝန်ယူ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ မိုင်းမောမြို့နယ် တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ စီစဉ်တင်ပြပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖော်ပြပါ စာသင်ကျောင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်အတွင်းရှိ လုံခွကျေးရွာ၊ လုံထန်ကျေးရွာ၊ ကလုံပါကျေးရွာ၊ ယောင်ဝါးကျေးရွာနှင့် ကုန်းလိမ်းကျေးရွာတို့တွင် ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားနေရသော မူလတန်းအဆင့်ကျောင်းများကို နိုင်ငံတော်မှ မည်သည့်အစီအစဉ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ပိုင်းရှိ မော့ကနင်ကျေးရွာအုပ်စု၊ မော့ကနင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ပိုင်းရှိ မော့ကနင်ကျေးရွာအုပ်စု၊ မော့ကနင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး နှစ်သစ်မှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့်အနေနဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်မြောက်ပိုင်း မော့ကနင်ကျေးရွာအုပ်စု၊ မော့ကနင် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီး ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ပိုင်း မော့ကနင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းကို မော့ကနင်၊ လမိုင်းရွာသစ်၊ စံပြ - မော့ကနင်၊ ဘေးကလွဲ၊ နှင်းစုံ၊ ဒုံဖီ၊ လိမ္မော်ခြံ၊ ဘေးလမိုင်း အစရှိတဲ့ကျေးရွာများ အပါအဝင် ပတ်ဝန်းကျင် တပ်ရင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၁၈၀၀)ကျော် ပညာသင်ကြားလျက် ရှိပါတယ်။ အဆိုပါ မော့ကနင် အ.ထ.က ကျောင်းဆောင်များထဲမှ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က တည်ဆောက်ခဲ့တဲ့ (၁၄၀ x ၂၀)ပေ RC နှစ်ထပ် ဗညားဒလကျောင်းဆောင်ဟာ ယိုယွင်းပျက်စီးနေပြီး အန္တရာယ်ရှိကျောင်းဆောင်အဖြစ်ကို ရောက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းဆောင်ရဲ့ ဓာတ်ပုံကို ပြသလိုတဲ့အတွက် ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်ပန်ကြားအပ်ပါတယ်။ ဟုတ်ကဲ့။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ထို့အတွက်ကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာမှာ ဘေးကင်းလုံခြုံစွာ သင်ကြားနိုင်ရေးအတွက် အဆိုပါ ဗညားဒလကျောင်းဆောင် (၁၄၀ x ၂၀)ပေ RC နှစ်ထပ် ကျောင်းဆောင်ကို လာမယ့်ဘဏ္ဍာရေးနှစ်မှာ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်း မြင်ကွင်းပုံ (က)



အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်း မြင်ကွင်းပုံ (က-၁)



အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်း မြင်ကွင်းပုံ (က-၂)



**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လုပ်ဖော်ကိုင်ဖက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းအေးချမ်းကြပါစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်တလန်မြို့နယ် မှောင်တလန်ကျေးရွာဟာ ၁၉၄၂ ခုနှစ်တွင် တည်ထောင်ခဲ့သောကျေးရွာဖြစ်ပါတယ်။ အိမ်ခြေပေါင်း(၁၅၀)၊ လူဦးရေ(၈၁၆)ဦးရှိပါတယ်။ ၁၉၆၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ မြို့နယ်ခွဲ ဖွင့်လှစ်ခဲ့ပြီးဖြစ်သော်လည်း ၁၉၇၂ ခုနှစ်တွင်

နိုင်ငံတော်အစိုးရမှ ခရိုင်ခွဲနှင့် မြို့နယ်ခွဲများကို ဖျက်သိမ်းချိန်တွင် မှောင်တလန်ကျေးရွာသည်လည်း ဖျက်သိမ်းခြင်းခံရပါတယ်။ မှောင်တလန်ကျေးရွာဟာ ၁၉၅၂ ခုနှစ်မှစ၍ မူလတန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း၊ ၂၀၀၄ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)စသဖြင့် အဆင့်ဆင့် တိုးမြှင့်ပေးခဲ့ပါတယ်။

မှောင်တလန်ကျေးရွာတွင် တိုက်နယ်ဆေးရုံ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းများတည်ရှိသော ကျေးရွာ တစ်ရွာ ဖြစ်ပါတယ်။ မှောင်တလန်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၅)ရွာရှိပြီး မှောင်တလန်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)တစ်ကျောင်း၊ ကျောင်းသားဦးရေ(၁၇၇)ဦး၊ လေတပ်(ခ)အလယ်တန်းကျောင်း တွင် ကျောင်းသားဦးရေ(၁၄၂)ဦး၊ ဇီပီး မူလတန်းကျောင်းတွင် ကျောင်းသားဦးရေ(၄၄)ဦး၊ လေတပ်(က) ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ(၄၁)ဦး၊ ဖိုင်ခွားမူလတန်း(လွန်) ကျောင်းတွင် ကျောင်းသားဦးရေ(၄၂)ဦး၊ ကြောင်ထီယားရွာ အလယ်တန်းကျောင်းတွင် ကျောင်းသား ဦးရေ (၂၃၄)ဦးရှိပြီး မှောင်တလန် အလယ်တန်းကျောင်းအုပ်စုတွင် မူလတန်းမှ အထက်တန်း ကျောင်း(ခွဲ)အထိ ကျောင်းသားဦးရေ(၆၈၀)ဦးရှိပါတယ်။

မှောင်တလန် အထက်တန်းကျောင်း(ခွဲ)ဟာ ထန်တလန်မြို့ အထက်တန်းကျောင်းမှ (၂၇)မိုင်၊ ဟာရီဖီး အထက်တန်းကျောင်းမှ (၂၂)မိုင်၊ နှာရိန်းအထက်တန်းကျောင်းမှ (၂၇)မိုင် ဝေးကွာသည့်အတွက် ရင်သွေး သားသမီးများကို ထိုကဲ့သို့ ရပ်ဝေးဒေသသို့ ပညာသင်ကြားရန် အခက်အခဲများစွာနဲ့ ရင်ဆိုင် နေရပါတယ်။ အထက်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပေးပါက မြေဂရန်(၁၀၅၊ ၁၀၆)ရရှိထားပြီး အကျယ်အဝန်း (၁၃.၅၀)ဧက ကျယ်ဝန်းပါတယ်။ အဆောက်အအုံ၊ ပရိဘောဂ၊ သောက်သုံးရေ၊ မာလ်တီမီဒီယာ အားကစားကွင်းနဲ့ အခြားလိုအပ်သော အချက်အလက်များ လုံလောက်စွာရှိတဲ့အပြင် တိုက်နယ် ဆေးရုံပါ ကျောင်းနဲ့နီးကပ်စွာ တည်ရှိတဲ့အတွက် ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အနီးကပ်ဆောင်ရွက်နိုင်ခြင်း၊ ရဲတပ်ဖွဲ့စခန်းပါရှိတဲ့အတွက် လုံခြုံရေး အခြေအနေကောင်းသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။

သို့ဖြစ်၍ ပကတိလိုအပ်ချက်အရ မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးသင့်ကြောင်း သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ တာဝန်ခံကျောင်းအုပ်ကြီးများမှ အဆင့်ဆင့် ထောက်ခံ တင်ပြခဲ့ကြပါတယ်။ အကယ်၍ မှောင်တလန်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံ ပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါက လွှမ်းခြုံသောကျေးရွာ ထို(၅)ရွာမှ ကျောင်းသူ၊ ကျောင်းသား (၆၈၀)ဦးတို့ဟာ ရပ်ဝေးဒေသသို့ ပညာသင်သွားဖို့ ဆည်းပူးသင်ကြားရန် မလိုတော့ဘဲ မှောင်တလန် အထက်တန်းကျောင်းတွင် စရိတ်စက နည်းပါးလွယ်ကူစွာ သင်ယူနိုင်ကြမှာ ဖြစ်တဲ့အတွက် မှောင်တလန်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဌာန၊ ပြည်ထောင်စုဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ကယားပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစောစိန်ထွန်း ရဲ့ မေးခွန်းဖြစ်သော ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဆီးလီဒုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို အခြေခံပညာ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဦးစွာ တင်ပြပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒီပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း (၆၃၈၆)ကျောင်း သက်ဆိုင်ရာ ကျောင်းအဆင့် အသီးသီးသို့ အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးရာမှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်တဲ့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၂)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၁၂)ကျောင်း တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။

အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန် သတ်မှတ်ချက် 'မူ' အားဖြင့် မူဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၂၅၀)ဦးနှင့် အထက်ရှိခြင်း၊ မြေပြန့်ဒေသတွင် အနီးဆုံး အလယ်တန်းအဆင့်သင်ကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးခြင်း၊ သို့တည်းမဟုတ် သွားလာရေးခက်ခဲတဲ့ တောင်တန်း၊ မြစ်ချောင်းများတဲ့ဒေသများမှာ ဆိုရင် အနီးဆုံး အလယ်တန်းအဆင့်သင်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်းတို့နဲ့ သတ်မှတ်ထားပါကြောင်း တင်ပြပါတယ်။ တင်ပြပါ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဆီးလီဒုန်း အခြေခံပညာ မူလတန်းကျောင်းမှာ မူဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၁၁၃)ဦးရှိတဲ့အပြင် အနီးဆုံး အလယ်တန်း အဆင့်သင်ကျောင်းဖြစ်သော သေးဆူလဲ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် (၁.၅)မိုင်သာ ကွာဝေးကြောင်း တွေ့ရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ တင်ပြပါ ဒီးမော့ဆိုမြို့နယ်၊ ဆီးလီဒုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် လာမယ့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် ဦးစားပေး သတ်မှတ်ထားခြင်းမရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဝင်းကြိုင် ရဲ့ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာအုပ်စု၊ ဖိုးခေါင်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်ဖြေကြား တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့မဲဆန္ဒနယ် လက်ပံတန်းမြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း(၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)(၂)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၂)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာ ကျောင်းပေါင်း (၁၄)ကျောင်း အဆင့်တိုးမြှင့်ပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ ဖိုးခေါင်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာလည်း အထက်တန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူဦးရေ(၂၀၀)ကျော်ရှိပါတယ်။ အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်တဲ့ လက်ပံတန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့်လည်း (၁၀)မိုင်ခန့်ကွာဝေးကြောင်း စိစစ်တွေ့ရှိရပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ လက်ပံတန်းမြို့နယ်၊ ဖိုးခေါင်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို လာမည့် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ခြင်းများအမှုတွဲတင်ပြပြီး စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးစိုင်းစံအောင် ၏ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားနေသော အခြေခံပညာမူလတန်းအဆင့်ကျောင်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ကျောင်းများကို စိစစ်လိုက်တဲ့အခါမှာ ရှမ်းပြည်နယ်၊ မိုင်းမောမြို့နယ်၊ လုံထန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှာ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၃၅၀)ဦးရှိပါတယ်။ အနီးဆုံး ပင်မကျောင်းဖြစ်တဲ့ ဝလင်း အခြေခံပညာမူလတန်းကျောင်းနဲ့ မိုင်(၉၀)ခန့်ဝေးပါတယ်။ နောက် ဆက်လက်ပြီး ကလုံပါ

ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှာ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၂၆၄)ဦး ရှိပါတယ်။ အနီးဆုံး ပင်မကျောင်းဖြစ်တဲ့ မိုင်းမော အခြေခံပညာအလယ်တန်းကျောင်းနဲ့ (၁၀၅)မိုင်ခန့် ကွာဝေးတာ စိစစ်တွေ့ရှိရပါတယ်။ လုံခွကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှာ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၁၉၃)ဦး ရှိသော်လည်း အနီးဆုံး ပင်မကျောင်းဖြစ်တဲ့ မိုင်းမော အခြေခံပညာအထက်တန်းကျောင်းနှင့် မိုင်(၅၀)ခန့် ကွာဝေးကြောင်း တွေ့ရှိရပါတယ်။ ကုန်းလိန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှာတော့ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၉၀)ဦးခန့်ပဲ ရှိပါတယ်။ သို့သော် အနီးဆုံးပင်မကျောင်းဖြစ်သော မိုင်းမော အခြေခံပညာအထက်တန်းကျောင်းနှင့် (၂၅)မိုင်ခန့်၊ နောက်တစ်ရွာဖြစ်တဲ့ ယောင်ဝါးကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှာ မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၅၇)ဦး ဖြစ်ပြီး အနီးဆုံး ပင်မကျောင်းဖြစ်တဲ့ မိုင်းမော အခြေခံပညာအထက်တန်းကျောင်းနှင့် (၃၀)မိုင်ခန့် အသီးသီးကွာဝေးကြတာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး တင်ပြသည့်အတိုင်း မိုင်းမောမြို့နယ်၊ လုံထန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၊ ကလုံပါကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၊ လုံခွ ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၊ ကုန်းလိန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းနှင့် ယောင်ဝါးကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတို့ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအဆင့်တိုးခြင်းများ ဆောင်ရွက်တဲ့အချိန်မှာ အဆင့်တိုးမြှင့်နိုင်ရန် အမှုတွဲတင်ပြ ဆောင်ရွက်ပြီး စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနိုင်သီဟ ၏ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ပိုင်းရှိ မော့ကနင် ကျေးရွာအုပ်စု၊ မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော မွန်ပြည်နယ်၊ ရေးမြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် အခြေခံပညာကျောင်းများ တည်ဆောက်ရေးအပါအဝင် လုပ်ငန်းပေါင်း (၁၉)ခုကို ထည့်သွင်းလျာထား ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသား၊ ကျောင်းသူဦးရေအားဖြင့် မူဆင့်သင် ကျောင်းသား(၆၈၇)ဦး၊ လယ်ဆင့်သင်ကျောင်းသား (၇၃၂)ဦး၊ အထက်ဆင့်သင်ကျောင်းသား(၃၉၀)ဦး၊ စုစုပေါင်း(၁၈၀၉)ဦး ပညာသင်ကြားနေတဲ့ ကျောင်းကြီးဖြစ်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကျောင်းဆောင်များအနေနဲ့ ဗညားဒလဆောင် (၁၄၀ x ၂၀)ပေ အုတ်ညှပ်နှစ်ထပ်ဆောင် (၁)ဆောင်၊ နဝဒေးဆောင်(၁၅၀ x ၃၀)ပေ သွပ်၊ အုတ်၊ ကွန်ကရစ် တစ်ထပ်ဆောင်(၁)ဆောင်၊

ကွန်ပျူတာဆောင် (၆၀ x ၃၀)ပေ (၁)ဆောင်၊ မြဝတီဆောင် (၁၄၀ x ၂၄)ပေ (၁)ဆောင်၊ ပညာပန်းခင်းဆောင် (၂၀၀ x ၃၀)ပေ ကွန်ကရစ်နှစ်ထပ်ဆောင်(၁)ဆောင်၊ အေးမြသီတာဆောင်(၁၄၀ x ၃၀)ပေ (၁)ဆောင်၊ စုစုပေါင်း ကျောင်းဆောင်(၆)ဆောင် ရှိပါကြောင်း တင်ပြပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်နေတဲ့ ဗညားဒလဆောင်ကို လုပ်ထုံးလုပ်နည်းနဲ့အညီ ဖျက်သိမ်းစေဖို့ ဆောင်ရွက်ပေးပါမယ်။ နောက် (၁၃၀ x ၃၀ )ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင်ကိုလည်း ဆောက်လုပ်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ်၊ အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘွဲခိန်း ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး၏ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၃)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၁၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(၃)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၂၄)ကျောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီး၏ တင်ပြချက်အရ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှာ အထက်တန်းအဆင့်သင် ကျောင်းသား(၁၄)ဦးသာ ရှိပါတယ်။ သို့သော် အနီးဆုံး အထက်တန်းဆင့်သင်ကျောင်းဖြစ်တဲ့ ဟရီဖီး အခြေခံပညာအထက်တန်းကျောင်းနှင့် (၂၅)မိုင်ခန့် ကွာဝေးနေတာတွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ဒေသခံလူငယ်လူရွယ်များ ပညာသင်အခွင့်အလမ်း တိုးမြှင့်ရရှိစေရန်အတွက် ထန်တလန်မြို့နယ်၊ မှောင်တလန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းအဆင့် တိုးမြှင့်ခြင်းအတွက် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်အတွင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနဲ့ ကြွရောက်လာကြသော ဧည့်သည်တော်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကို ပြင်ဆင်ချက်အဆိုများတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းဟာ ကျွန်တော်ရဲ့ ပြင်ဆင်ချက် အဆိုတင်သွင်းချင်တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေစွာ အလျင်အမြန် ပြုပြင်ပြောင်းလဲစေရန်ဖြစ်ပါတယ်။ Power Point ပြသခွင့်ပြုပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥပဒေကြမ်းကော်မတီဟာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နဲ့ အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိမည့် နိုင်ငံပိုင်ကော်ပိုရေးရှင်း တစ်ခုအဖြစ် ပြောင်းလဲရန်ရေးဆွဲပြုစုလျက် လွှတ်တော်သို့ တင်သွင်းလာသည့် ထူးခြားသည့် ဥပဒေတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်လို့ အစီရင်ခံထားပါတယ်။ မှန်ပါတယ်ခင်ဗျား။ ဒီဥပဒေကြမ်းရဲ့ မူလပြဋ္ဌာန်းချက်မှာ ဖော်ပြထားတဲ့ရည်ရွယ်ချက်များဟာ စစ်မှန်တဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ကိုက်ညီတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ရန် ရည်ရွယ်တယ်ဆိုတာ ရှင်းလင်းစွာ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေတဲ့ စီးပွားရေးလုပ်ငန်းများဟာ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများသာ ဖြစ်ပါတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည်သာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအဓိကမောင်းနှင်အား ဖြစ်ပါတယ်။ ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်၊ စီမံကိန်းစီးပွားရေးစနစ်နဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ ကာလများဟာ ကျဆုံးခြင်းများစွာနဲ့ ကုန်ဆုံးသွားပြီဖြစ်တယ်ဆိုတာ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းက သက်သေခံပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးကို ပုဂ္ဂလိကကဏ္ဍက အဓိကထား

မဏ္ဍိုင်ပြုရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံပိုင်စီးပွား ရေးလုပ်ငန်းအများစုဟာ အရှုံးပေါ်လျက်ရှိပြီး နိုင်ငံတော်ရဲ့ ဘတ်ဂျက်က အကြွေးများကို စိုက်ထုတ် ပေးဆပ်ပေးနေရပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ ပုဂ္ဂလိက လုပ်ငန်းများတိုးတက်အောင်မြင်လေလေ တိုင်းပြည် စီးပွား ရေးတိုးတက်လေလေ ဖြစ်ပါတယ်။ မြန်မာစကားမှာ ရှင်ဘုရင် ချိန်ခွင်မကိုင်ရဆိုတဲ့ မြန်မာ့ဆိုရိုးစကား ရှိပါတယ်။ ဆိုလိုတာကတော့ အစိုးရမင်းလုပ်တဲ့သူဟာ ဈေးမရောင်းရဆိုတာကို ဖြစ်ပါတယ်။ အစိုးရ မင်းဆိုတာက ပြည်သူက ခန့်အပ်တဲ့ ပြည်သူ့ဝန်ထမ်း၊ အုပ်ချုပ်သူပြည်သူ့ဝန်ထမ်း၊ ပြည်သူ့တာဝန် ထမ်းဆောင်ရတဲ့သူသာဖြစ်ပါတယ်။ ပြည်သူ့တာဝန်ကို ထမ်းဆောင်ရတဲ့သူတွေဟာ ကျွန်တော်တို့ ဈေးရောင်းနေမယ်၊ စီးပွားရေးလုပ်နေမယ်ဆိုလို့ရှိရင် ဒါ လိုက်လျောညီထွေမရှိပါဘူး။ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဟာ လိုက်လျောညီထွေ ရှိတော့မှာ မဟုတ်ဘဲနဲ့ တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်ပျက်စီးသွားမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံပိုင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုလည်း အချိန်မီ ပြုပြင်ပြောင်းလဲနိုင်ရန် ကျွန်တော့်ရဲ့ ပြင်ဆင်ချက် တွေကို တင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ရင်းနှီးမြှုပ်နှံငွေများဟာ ခေတ် အဆက်ဆက် ပြည်သူတွေရဲ့ ချွေးနဲ့စာတွေဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို တန်ဖိုး သတ်မှတ် အစုရှယ်ယာ တန်ဖိုးတွေ သတ်မှတ်ရောင်းချလိုက်ခြင်းအားဖြင့် မူလအဆိုပြု ဥပဒေကြမ်းပါ ရည်ရွယ်ချက်များအားလုံး ပြည့်မီပြီးမြောက်သွားမှာ ဖြစ်ပါတယ်။ အစုရှယ်ယာရောင်းချရတဲ့ ငွေကြေး များဟာလည်း နိုင်ငံတော်ဘဏ္ဍာအတွင်း ဝင်ရောက်လာပြီး လိုငွေပြနေတဲ့ နိုင်ငံတော်ဘတ်ဂျက်ကို လည်း တစ်နည်းတစ်လမ်းဖြည့်ဆည်းနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံသားတိုင်းရဲ့ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကိုလည်း အဲဒီလို ဘဏ္ဍာငွေများနဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ လူမှုစီးပွားရေးဘဝတိုးတက် လာမှာဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ ငြိမ်သက်နေတဲ့ စုဆောင်းငွေများဟာလည်း ဆက်သွယ်ရေးလုပ်ငန်း အစုရှယ်ယာဝယ်ယူခြင်း၊ ရောင်းချခြင်း၊ အမြတ်ငွေများရရှိခြင်းနဲ့ တိုင်းပြည်ရဲ့ စီးပွားရေးဟာလည်း သွက်လက်မြန်ဆန်ရှင်သန်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ယခင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကာလမှာလည်း နိုင်ငံပိုင်လုပ်ငန်းတွေကို ကော်ပိုရေးရှင်းအမည်ဖြင့် ဖွဲ့စည်းလုပ်ကိုင်ခဲ့တာတွေရှိပါတယ်။ ဒါပေမဲ့ အောင်မြင်မှုရရှိခဲ့ခြင်း မရှိဘူးဆိုတာ အထင်အရှားရှိခဲ့ပြီး ဖြစ်ပါတယ်။

ယခု မူလအဆိုပြုပြဋ္ဌာန်းတဲ့ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေဟာ တကယ့် အမှန် ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နိုင်မှာမဟုတ်ဘဲ ပန်းတိုင်ခရီးဆုံးဘူတာကို မရောက်ဘဲ လမ်းခုလတ် ကြားဘူတာမှာ ရပ်နေတဲ့ဥပဒေမျိုး ဖြစ်နေပါတယ်။ ဒီဥပဒေကို ယေဘုယျခြုံကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို ဝန်ကြီးဌာနရဲ့သဘောနဲ့ စီမံခန့်ခွဲရေးအဖွဲ့သို့ လွှဲပြောင်း ပေးလိုက်တဲ့ ဥပဒေသာ ဖြစ်နေပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကြီးကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မယ့် စံပြဥပဒေတစ်ခုဖြစ်လာစေရန်အတွက် ကျွန်တော့်ရဲ့ ပြင်ဆင်ချက် များကို ဥပမာဖြင့် တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကြီးကလည်း အစိုးရအဖွဲ့အား

စီးပွားရေးပြုပြင် ပြောင်းလဲမှုများ မြန်မြန်ဆန်ဆန် ရဲရဲဝံ့ဝံ့ ခုန်ပျံကျော်လွှားပြီး ပြုလုပ်ရန် တိုက်တွန်း အကြံပြုရင်းနဲ့ ဤဥပဒေပြင်ဆင်ချက်များကို တင်သွင်းလိုက်ခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒီဥပဒေနဲ့ ပတ်သက်ပြီး တော့မှ Autonomy Organization Function ဆိုတဲ့ အချက်(၂)ချက်နဲ့ ချဉ်းကပ်ပြီးတော့ ဥပဒေ အင်္ဂါရပ်ပြည့်စုံမှု ရှိ/မရှိ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ အဲဒီတော့ ဒီဥပဒေမှာပါဝင်တဲ့ Stakeholder တွေက (၃)ခုရှိပါတယ်။ စီမံခန့်ခွဲရေးအဖွဲ့ရယ်၊ ကော်ပို ရေးရှင်းရယ်၊ ဝန်ကြီးဌာနရယ် ဖြစ်ပါတယ်။ အဲဒီဝန်ကြီးဌာန(၃)ခုရဲ့ ချဉ်းကပ်မှုကို ကြည့်လိုက်တဲ့ အချိန်မှာ Autonomy လုပ်ပိုင်ခွင့်ဘယ်လောက် အပြည့်အဝရှိသလဲဆိုတဲ့ အချက်(၄)ချက် Human Resource, Operation, Financial Autonomy, Disclosured Policy၊ နောက် Organization ပတ်သက်လို့ရှိရင် ဒီ Flow Chart Line of Communication System, Accountability Responsibility Role တွေဖြစ်ပါတယ်။ အဲဒီနှစ်ခုနဲ့ ကျွန်တော် ဥပဒေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နောက် Power Point တစ်ခုပြပါ။

ဥပဒေပေါင်းဟာ (၄၈)ခုရှိပေမယ့် ကျွန်တော် ဆွေးနွေးရမယ့် ဥပဒေက (၂၈)ခုကျော်ဖြစ် ပါတယ်။ အဲဒီတော့ ဥပဒေတော်တော်များများကို ပြန်လည်ပြီးတော့ ဆွေးနွေးရမှာဖြစ်ပါတယ်။ ဒီအထဲမှာ အဓိကကျတဲ့ ဥပဒေကတော့ ပုဒ်မ ၁၀(က)နဲ့ ပုဒ်မ ၃(ဏ)ဆိုတဲ့ပုဒ်မဟာ ပိုပြီးတော့ အရေးကြီး ပါတယ်။ အဲဒီတော့ ဒီပုဒ်မတွေ ဘာလို့ဖြစ်ရသလဲဆိုတဲ့ Root Cause ကျွန်တော် Power Point မှာပဲ ရှင်းပြပြီးတော့မှ အဓိကဖြစ်တဲ့ ပုဒ်မတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နောက် Power Point တစ်ခုပြပါ။ အဲဒီတော့ ပုဒ်မ ၅၊ ၆၊ ၇ အရဆိုရင် ကော်ပိုရေးရှင်းရဲ့ စီမံခန့်ခွဲမှုနဲ့ ဥပဒေမှာရှိတဲ့ Organization နဲ့ ပတ်သက်ပြီးတော့၊ ဖွဲ့စည်းပုံနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ဖော်ပြထားတာကို မတွေ့ရပါဘူး။ အဲဒီတော့ ပုဒ်မ ၅ မှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားတဲ့ ဖွဲ့စည်းပုံ အတိုင်း ကနဦးတည်ထောင်ထားရမယ်လို့ပဲ ပါ ပါတယ်။ ပုဒ်မ ၅ မှာ။ အဲဒီတော့ ယာယီဖွဲ့စည်းပုံလား။ ဒီဖွဲ့စည်းပုံက အချိန်ကာလ ဘယ်လောက်ထိ သက်ဝင်နေသလဲဆိုတာကို ဒီထဲမှာ မပါ ပါဘူး။ ကျွန်တော် Root Cause တွေကိုတော့ ဒီ Power Point မှာ ရှင်းလင်းထားပါတယ်။ အချိန်ကြောင့် ကျွန်တော် မရှင်းပြနိုင်ပါဘူး။ အဲဒီတော့ စီးပွားရေးလုပ်ငန်းကို ကော်ပိုရေးရှင်းပုံစံလုပ်တဲ့နေရာမှာ ကော်ပိုရေးရှင်း ဖွဲ့စည်းပုံဆိုတာ အမြဲတမ်းရှိပါတယ်။ ကော်ပိုရေးရှင်း ဖွဲ့စည်းပုံဆိုတာ ဒီဥပဒေမှာမပါတဲ့အတွက် ပုဒ်မ ၁၀ အရဆိုရင် ကျွန်တော်တို့က ကော်ပိုရေးရှင်းရဲ့ အကြီးအမှူးဟာ ဦးဆောင်ညွှန်ကြားရေးမှူး

ဖြစ်ရမယ်ဆိုတဲ့ ပုဒ်မတစ်ခုကို ထပ်ပြီးတော့ တွေ့ရတဲ့အတွက် ဦးဆောင်ညွှန်ကြားရေးမှူးရဲ့ လုပ်ပိုင်ခွင့်ထဲကိုပဲ ဒါ ပြန်ရောက်သွားတာ ဖြစ်ပါတယ်။

အဲဒီတော့ ပုဒ်မ ၁၀ မှာ (က)ရဲ့ ပြဋ္ဌာန်းချက်အရ ဦးဆောင်အရာရှိချုပ်ဟာ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်တယ်ဆိုတဲ့ အချက်အရ တစ်ဦးတစ်ယောက်ထဲအရ ပုဒ်မ ၆ ဥပဒေပါ ပိုင်ဆိုင်မှု လွှဲပြောင်းတဲ့ Ownership Transfer တစ်ခုလုံးပေါ်မှာ သူ့အတွက် လုပ်ပိုင်ခွင့်တွေအကုန်လုံး ဖြည့်ဆည်းပေးလိုက်သလို ဥပဒေမှာ တွေ့ရှိရပါတယ်။ အဲဒီတော့ ပုဒ်မ ၁၀ အရဆိုရင် ပိုင်ဆိုင်မှု ပြည့်ပြည့်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ ကော်ပိုရေးရှင်းကို လွှဲတဲ့နေရာမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာလည်း ဦးဆောင်ညွှန်ကြားရေးမှူးက သူပါပဲ။ ကော်ပိုရေးရှင်းရဲ့ အကြီးအမှူးကလည်း ဒီ ဦးဆောင်ညွှန်ကြားရေးမှူးပဲ ဖြစ်နေပါတယ်။ အဲဒီတော့ ဒါ ဥပဒေအရ ဒီလိုမလုပ်ဘဲနဲ့ ဒီပိုင်ဆိုင်မှု Ownership Transfer နဲ့ ပတ်သက်ပြီးတော့ Special Task Force အထူးကော်မတီတစ်ရပ်ဖွဲ့ပြီးတော့မှ၊ တန်ဖိုးဖြတ်ပြီးတော့မှ ရာဖြတ်အဖြစ်နဲ့ စနစ်တကျ လွှဲပြောင်းနိုင်မှသာ ကျွန်တော်တို့ တစ်ချိန်ချိန်မှာ ဒီကော်ပိုရေးရှင်းကြီးက Public လုပ်လာတဲ့အချိန်ကျရင် အစုရှယ်ယာတွေရဲ့ တန်ဖိုးတွေအပေါ်မှာသွားပြီးတော့ Impact ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအချက်တွေဟာ တကယ်လို့ Ownership Transfer လုပ်လို့ရှိရင် ပိုင်ဆိုင်မှုအရပ်ရပ်နဲ့ ပတ်သက်ပြီးတော့ စနစ်တကျ လွှဲပြောင်းဖို့ အထူးကော်မတီတစ်ရပ် ဖွဲ့စည်းပေးဖို့ ဒီမှာ ကျွန်တော် ဆွေးနွေးရခြင်းဖြစ်ပါတယ်။

နောက် ကော်ပိုရေးရှင်း အသွင်ပြောင်းတဲ့နေရာမှာ စီးပွားရေးလုပ်ငန်းတစ်ခုမှာ CEO တစ်ယောက်ထဲ အောင်မြင်တဲ့ အစဉ်အလာမရှိပါဘူး။ သူက ဈေးကွက်ပေါ် အောင်မြင်ဖို့ဆိုရင် Board of Director (BOD) ရဲ့ အကြံဉာဏ်တွေ၊ အခြားဌာနတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးလိုပါတယ်။ ပြီးတော့ Cooperative Financial Practice ဆိုတဲ့အချက်တွေလည်း အများကြီးရှိပါသေးတယ်။ နောက်ပုဒ်မ ၈ ကိုပြပါ။ နောက် ဝန်ကြီးဌာန စီမံခန့်ခွဲမှုမှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်တဲ့လူနဲ့ ဆိုတဲ့နေရာမှာ ပြင်ပပုဂ္ဂိုလ်ကို တာဝန်ပေးအပ်လိုပါတယ်။ နောက် ပုဒ်မတစ်ခုက ဦးဆောင်ညွှန်ကြားရေးမှူးဟာ အချိန်ကာလ အကန့်အသတ်တစ်ခုတည်းမှာပဲ တာဝန်ယူဖို့ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

နောက် ပုဒ်မ တစ်ခုပြပါ။ ပုဒ်မ ၁၃ မှာ အမှုဆောင်အရာရှိရဲ့ သက်တမ်းနဲ့ပတ်သက်ပြီးတော့ ဒီနေရာမှာ (၂)နှစ်ဆက်တိုက်လို့ ပြောထားပါတယ်။ အဲဒီတော့ (၂)နှစ်ဆက်တိုက်လို့ ပြောထားခြင်းဖြင့် ဦးဆောင်ညွှန်ကြားရေးမှူးက ဒီကော်ပိုရေးရှင်းကို ပြန်ပြီးတော့ တာဝန်ယူရမယ်ဆိုရင် သူ့မှာ အလုပ်တာဝန်ပိတဲ့ ပြဿနာတွေ Conflict of Interest ဒီမှာ ရှိနိုင်ပါတယ်။ နောက်ပုဒ်မ ၂၀ အရ စီမံခန့်ခွဲမှုအဖွဲ့ဟာ ဆက်သွယ်ရေးမူဝါဒအပိုင်းကို တာဝန်ယူရပါတယ်။ ကော်ပိုရေးရှင်းကတော့ ဘဏ္ဍာရေးလုပ်ငန်းများအပေါ် ညွှန်ကြားပေးနိုင်ခြင်း၊ ဝန်ကြီးဌာနနဲ့ ကော်ပိုရေးရှင်းအား တာဝန်ခံရမည်လို့ ပုဒ်မခွဲ(စ)(ဆ)များအရ သိရှိရပါတယ်။ ပြီးတော့ ပုဒ်မ ၂၁ အရ လုပ်ပိုင်ခွင့်များနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ရမှသာ ဆောင်ရွက်ရမည်ဟု ဆိုထားပြန်ပါတယ်။

အဲဒီတော့ ပုဒ်မ ၂၀ နဲ့ ပုဒ်မ ၂၁ အရ စီမံခန့်ခွဲမှုအဖွဲ့ဟာ လွတ်လပ်တဲ့အဖွဲ့လား၊ ခုနက ပြောတဲ့ Autonomy တကယ်ဖြစ်ရဲ့လားဆိုတာကို ကျွန်တော်တို့ ဒီနေရာမှာ ဥပဒေအရ မေးခွန်း

ထုတ်စရာရှိပါတယ်။ ပုဒ်မ ၂၃။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို အချိန်အနည်းငယ်တိုးပေးပါလို့ မေတ္တာရပ်ခံပါတယ်။ အဲဒီတော့ ပုဒ်မ ၂၃ အရ ကော်ပိုရေးရှင်းရဲ့ လုပ်ပိုင်ခွင့်များကို ဖော်ပြထားပါတယ်။ ကော်ပိုရေးရှင်းရဲ့ လုပ်ပိုင်ခွင့်ဆိုတာ တကယ်တော့ BOD သဘောတရားနဲ့ သွားရတာဖြစ်တဲ့အတွက် ဒီမှာ BOD သဘောတရားတွေကို ဒီအချက်ထဲမှာ မပါဘူးဆိုတာကို ကျွန်တော်တို့ ပုဒ်မ ၂၄ အရ ကျွန်တော် တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ကော်ပိုရေးရှင်းကို ဈေးကွက်အသွင်ပြောင်းခြင်း Marketization လုပ်တဲ့ ဘယ်အချိန်ကာလမှာ အသွင်ပြောင်းမလဲဆိုတာကိုလည်း ဒီပုဒ်မမှာ မဖော်ပြပါဘူး။ ဒါဖြစ်တဲ့အတွက်------------

**ဥက္ကဋ္ဌ**။ ။ (၃) မိနစ်ပေး။

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ Power Point တစ်ခုပြပါ။ အခန်း(၇)၊ အခန်း(၈) မှာတော့ ကျွန်တော် ပုဒ်မ တော်တော်များများကို ကျွန်တော် ဆွေးနွေးရပါလိမ့်မယ်။ အဲဒီတော့ အမှုဆောင်အရာရှိဟာ ဥပဒေပြဋ္ဌာန်းချက်နဲ့ ထည့်သွင်းထားတဲ့အတူ ကော်ပိုရေးရှင်း စီမံခန့်ခွဲမှုကိုလည်း အစုရှယ်ယာအရ ဒါရိုက်တာဖြစ်ထိုက်သူများကို Corporate ပုံစံနဲ့ ဖွဲ့စည်းသင့်ပါတယ်။ အဲဒီတော့ ပိုင်ဆိုင်မှု Assets များကို တန်ဖိုးဖြတ်ရာမှာ ကော်ပိုရေးရှင်း အမှုဆောင်အရာရှိတစ်ဦးတည်းက သတ်မှတ်တာထက် ထိုမတည်ငွေရင်းကို အမှုဆောင်အရာရှိက တင်ပြတောင်းဆိုမည်ဟု ယခု ပုဒ်မတွင် ဖော်ပြထားပါတယ်။

နောက်တစ်ခု ပြည်ထောင်စုဘဏ္ဍာငွေကနေပြီးတော့ တောင်းခံမည်ဆိုတဲ့ အချက်ကိုလည်း နှစ်စဉ် တောင်းခံမှာလား။ ဒါမှမဟုတ်ရင် လုံလောက်တဲ့ အရင်းအနှီးကို တစ်ချိန်ထဲမှာ တောင်းခံပြီးတော့မှ သူဟာ တကယ်ပဲ ဈေးကွက်စီးပွားရေးနဲ့အညီ ကော်ပိုရေးရှင်းကို ဆက်ပြီးတော့ လုပ်သွားမလားဆိုတာ ဒီထဲမှာ အဲဒီပုဒ်မလည်း မတွေ့ရပါဘူး။ အခန်း(၇)၊ အခန်း(၈) မှာ။ နောက် ပုဒ်မ ၃၄၊ ၃၅၊ ၃၇၊ ၃၈၊ ၄၀၊ ၄၁ အဲဒီရဲ့ဖော်ပြချက်တွေက ကျွန်တော် ဒီဥပဒေ ဒီ Power Point ထဲမှာ ဖော်ပြရှင်းလင်းထားပါတယ်။ အဲဒီတော့ ပြောချင်တာကတော့ ပုဒ်မ ၄၃ ပါ။ ပုဒ်မ ၄၃ အရ ကော်ပိုရေးရှင်းရဲ့ အမှုဆောင်အရာရှိချုပ်ဟာ တစ်နည်းအားဖြင့် ဦးဆောင်ညွှန်ကြားရေးမှူးဟာ လုပ်ငန်းတာဝန်အရပ်ရပ်အတွက် စီမံခန့်ခွဲရေးအဖွဲ့ကို တာဝန်ယူရမည်ဟု ဖော်ပြထားပါတယ်။

ဒါပေမဲ့ စီမံခန့်ခွဲမှုအဖွဲ့ဟာ ဘဏ္ဍာရေးဆိုင်ရာ။ နောက် ပုဒ်မ ၄၃ ပါ။ နောက် Power Point ပြပါ။ စီမံခန့်ခွဲရေးအဖွဲ့ဟာ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့် ဥပမာ ရငွေ၊ သုံးငွေ၊ အရှုံး/အမြတ်၊ အရင်း၊ Assets၊ တန်ဖိုးဖြတ်မှု၊ အစုရှယ်ယာများအပေါ်မှာ တာဝန်ခံမှုမရှိဘူးဆိုပြီးတော့ ဒီအချက်မှာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ တိုက်ရိုက်ဆောင်ရွက်ရန် ရတဲ့နေရာမှာ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှုမရှိတဲ့ စီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ ဈေးကွက်စီးပွားရေးကို သွားတဲ့နေရာမှာ ကော်ပိုရေးရှင်းကို မည်မျှအထောက်အပံ့ပေးနိုင်မလဲဆိုတာကိုလည်း ဒီနေရာမှာ မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မ(၄၈)ခုရှိတဲ့နေရာမှာ ပုဒ်မ(၂၈)ခုကျော်ကျော်ကို ဆွေးနွေးရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီလောက်ဆွေးနွေးရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဗိုလ်မှူးသိန်းလွင်ဌေး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့ ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ဖြည့်စွက် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့် ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ကို လုပ်ကိုင်လိုပါက လုပ်ကိုင် မည့်ကော်မတီသည် ဆက်သွယ်ရေးဥပဒေအရ လုပ်ငန်းလိုင်စင်ရယူပြီးမှ လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ လုပ်ငန်းပမာဏ မည်မျှပင်ဖြစ်စေကာမူ လုပ်ငန်းလိုင်စင်ရရှိခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ အခုလတ်တလော ရန်ကုန်၊ မန္တလေးအစရှိတဲ့ မြို့ကြီးများမှာ စတင်လုပ်ကိုင်လာတဲ့ ကေဘယ်စနစ်၊ Taiple Play, Five Play အစရှိတဲ့ ဝန်ဆောင်မှုများဟာဆိုရင် လုပ်ငန်းပမာဏ သေးငယ် သော်လည်း ရင်းနှီးမြှုပ်နှံမှုကြီးမားကာ ဝန်ဆောင်မှုအနေဖြင့်လည်း ဗီဒီယို၊ ရုပ်သံ ကြည့်ရှုခြင်းအပြင် တယ်လီဖုန်းဆက်သွယ်ခြင်း၊ အင်တာနက်သုံးစွဲနိုင်တဲ့အထိ များပြားကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ လုပ်ငန်းမျိုးကို လုပ်ကိုင်သူများအနေဖြင့်လည်း ဆက်သွယ်ရေးဥပဒေအရ လုပ်ငန်းလိုင်စင်ရယူရမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်း၏ အခန်း(၇)၊ ပုဒ်မ ၂၅ တွင် လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်နိုင်သည်ဟူသော ပြဋ္ဌာန်းချက်မှာ ဤဥပဒေအရ ဖြစ်ပေါ်လာမယ့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ခြွင်းချက် ပေးထားသကဲ့သို့ ဖြစ်နေပါတယ်။ သို့ဖြစ်၍ ၎င်းပြဋ္ဌာန်းချက်မှာ ဆောင်ရွက်နိုင်သည်ဟူသော စကားရပ် အစား ဆောင်ရွက်ရမည်ဟု ပြင်ဆင်လိုပါတယ်။

ဆက်လက်ပြီး ဥပဒေကြမ်းရဲ့ အခန်း(၈)၊ ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များအား ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော ကာလအတိုင်းတွက်ချက်၍ ခွင့်ပြုပေးရမည်ဟု အသစ်ဖြည့်စွက်ပြီး အရင် ပုဒ်မခွဲ(ဂ)အား ပုဒ်မခွဲ(ဃ)အဖြစ် ပြောင်းလဲအမှတ်စဉ်လိုပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာအမျိုးသား လေကြောင်းဥပဒေအရ မြန်မာအမျိုးသားလေကြောင်းကို ဖွဲ့စည်းရာတွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေအရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လည်းကောင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများအတွက် ကရုဏာကြေး ချီးမြှင့်ငွေ ပင်စင်အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို ၎င်းတို့ တာဝန်ထမ်းဆောင်ခဲ့တဲ့ အချိန်ကာလအတိုင်း တွက်ချက်၍ ယင်းတို့၏ဝန်ကြီးဌာနကသာ စီစဉ်ဆောင်ရွက်ရန် သက်ဆိုင်ရာဥပဒေများ၌ အသီးသီး

ပြဋ္ဌာန်းထားရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ ယခုဥပဒေကြမ်းတွင်လည်း အဆိုပါကိစ္စရပ်များ အတွက် ဤဥပဒေအရဖွဲ့စည်းမည့် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ မကျခံစေသင့်ဘဲ ဝန်ကြီးဌာန၏ အသုံးစရိတ်မှသာ ကျခံစေသင့်ကြောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း၏ အခန်း(၈) ပုဒ်မ ၃၀ ပုဒ်မခွဲ(က)၏ ပုဒ်မခွဲငယ်(၁)ကို ပယ်ဖျက်လိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် အထက်မှာ တင်ပြခဲ့တဲ့ မြန်မာ့အမျိုးသား လေကြောင်းနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့များကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်း များအတွက် ပင်စင်ခံစားခွင့်များကို ဝန်ကြီးဌာနကသာ ကျခံသုံးစွဲရန် သက်ဆိုင်ရာ ဥပဒေများမှာ ပြဋ္ဌာန်းထားသော်လည်း ယခုအဆိုပြု ပြဋ္ဌာန်းချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပင်စင် ခံစားခွင့်များကို ဤဥပဒေအရ ဖြစ်ပေါ်လာမယ့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း၏ ဘဏ္ဍာ ရန်ပုံငွေမှ ကျခံစေခြင်းသည် ကော်ပိုရေးရှင်း၏ ရင်းနှီးမြှုပ်နှံနိုင်မှုကို ထိခိုက်စေနိုင်သောကြောင့် ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွေကို ကော်ပိုရေးရှင်းဖြင့် ပြောင်းလဲ လုပ်ကိုင်စေရာမှာ ဝန်ထမ်းဟောင်းတွေရဲ့ ပင်စင်ခံစားခွင့်အသုံးစရိတ်တွေကို နိုင်ငံတော်က တာဝန် ယူရမှာ ဖြစ်ပါတယ်။ ထို့သို့ မဟုတ်ဘဲ ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေလျှင် ကော်ပိုရေးရှင်း အတွက်များစွာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်ပါတယ်။ ၃-၁၀-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့အစည်းအဝေးမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာမှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့သည် နိုင်ငံတော်ဘတ်ဂျက်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထွက်ခွာခဲ့ကြောင်း၊ နိုင်ငံတော်မှ ကျပ်သန်းပေါင်း(၅၉၀၀)ကျော် မတည်ထုတ်ပေးခဲ့ကြောင်း၊ သို့ရာတွင် ၎င်းကာလမတိုင်ခင် ပင်စင်ယူသွားသော ဝန်ထမ်းဟောင်းများရဲ့ ၂၀၁၃-၂၀၁၄ ၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ခုနှစ်များအတွက် (၃)နှစ်စာ ပင်စင်ကျပ်သန်းပေါင်း(၆၇၀၀)ကျော် ပေးချေခဲ့ရသဖြင့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအဖွဲ့အနေဖြင့် ၎င်းဘာသာ ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ခဲ့ကြောင်း ဘဏ္ဍာရေး အခြေအနေအရ ဝန်ထမ်းများကို လစာပေးရန် အခက်အခဲရှိခြင်း၊ အကြွေးများပြန်ဆပ်ရန် လိုအပ် နေခြင်းတို့ကြောင့် ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း လက်တွေ့ကျင့်သုံးနိုင်ခြင်းမရှိကြောင်း ထည့်သွင်း ပြောကြားခဲ့ပါတယ်။

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအရ ဖြစ်ပေါ်လာတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အဖွဲ့ဟာ ၂၀၁၆ ခုနှစ်မှာ မိမိဘာသာ မရပ်တည်နိုင်တော့တဲ့အခြေအနေဖြစ်လာခဲ့ကြောင်း တွေ့ရပြီး တော့ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းများရှိလျက်နဲ့ ဝန်ထမ်းဟောင်းများရဲ့ ပင်စင်များကို တာဝန်ယူ ပေးရခြင်းဟာလည်း အဓိက အကြောင်းအချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ယခုအဆိုပြု ပြဋ္ဌာန်းချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပင်စင်ခံစားခွင့်များကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာ ရန်ပုံငွေမှ ကျခံရမည်ဆိုလျှင် အခုလက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းဟောင်းများ အတွက် လစဉ်၊ နှစ်စဉ် ကျခံသုံးစွဲနေရတဲ့ ပင်စင်အသုံးစရိတ်ပမာဏ၊ ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ လာမယ့် ဝန်ထမ်းများကို ပေးချေရမယ့် အငြိမ်းစားဆုကြေး၊ အငြိမ်းစားလစာများအတွက် သုံးစွဲရမယ့်

ပမာဏ၊ ကော်ပိုရေးရှင်းဖွဲ့စည်းပြီးနောက် နှစ်စဉ်တိုးတက်ဖြစ်ပေါ်လာမယ့် အငြိမ်းစားဝန်ထမ်းများအတွက် သုံးစွဲရမယ့်စရိတ်များ စသည်တို့ကို အသေးစိတ်တွက်ချက်ထားရန် လိုအပ်ပြီးတော့ ကော်ပိုရေးရှင်းရဲ့ ဘဏ္ဍာရန်ပုံငွေမှ လစဉ်၊ နှစ်စဉ် ရေရှည်အတွက် ကျခံနိုင်ခြင်းရှိ/မရှိ တွက်ချက်ပြီးမှသာ ဤဥပဒေကို ပြဋ္ဌာန်း၍ ကော်ပိုရေးရှင်းဖြင့် ပြောင်းလဲဖွဲ့စည်းရန် ဆုံးဖြတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဥပဒေကြမ်း၏ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)၏ပုဒ်မခွဲငယ်(၂)ကို တင်ပြပါအတိုင်း ဤဥပဒေအရ ဖွဲ့စည်းသည့် ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် အရင်ဆုံး ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို အရင်ဆုံး စတင်ပြောင်းရွှေ့သည့်နေ့ရက်မှစ၍ အချိန်ကာလတွက်ချက်ပြီး ခံစားခွင့်ပြုရန် ကိစ္စရပ်များဟု ပြင်ဆင်ဖြည့်စွက်လိုပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းအများစုဟာ ၎င်းတို့ ကျွမ်းဝင်ပြီးဖြစ်တဲ့ လုပ်ငန်းသဘာဝနဲ့ အနီးစပ်ဆုံးတူညီတဲ့ ဤဥပဒေအရ ဖြစ်ပေါ်လာမယ့် ကော်ပိုရေးရှင်းကို ပြောင်းရွှေ့ကြမှာဖြစ်ပါတယ်။ ၎င်းတို့အနေနဲ့ ဝန်ထမ်းအဖြစ်ရှိနေခဲ့လျှင် အငြိမ်းစားမယူမီကာလအထိ ကျန်ရှိနေမယ့် နှစ်များအတွက် ချီးမြှင့်ငွေ၊ ပင်စင်များကို ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ရသည့်တိုင် ဆက်လက်ခံစားခွင့်ရရှိနေစေရန်ဖြစ်ပါတယ်။ သို့မှသာ ကော်ပိုရေးရှင်းအတွက်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျွမ်းကျင်ဝန်ထမ်းများကို ရရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာ့အမျိုးသားလေကြောင်းဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)မှာလည်း အလားတူ ခံစားခွင့်ကို ခွင့်ပြုထားခြင်းကြောင့် ဤဥပဒေအရ ဖြစ်ပေါ်လာမယ့် မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ကြမယ့် ဝန်ထမ်းများ နစ်နာမှုမရှိစေရန် ရည်ရွယ်၍ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ရေရှည်အကျိုးကို မျှော်ကိုးပြီး အထက်တင်ပြပါ အသုံးစရိတ်များ တွက်ချက်ထားမှု မရှိသေးလျှင် ဤဥပဒေကို ပြဋ္ဌာန်းရန်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၀း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]